**(၉) ရွက်ပြောက်ရောဂါ (Target leaf spot of tomato)**

**ရောဂါဖြစ်စေသက်ရှိ - *Corynespora cassiicola* (Berk. & Curtis) Weir**

**ရောဂါလက္ခဏာ**

ရောဂါသည် အရွက်ဟောင်းများမှ စတင်၍ အပင်အပေါ်ပိုင်း အထက်သို့ ပျံ့နှံ့သည်။ ပထမ လက္ခဏာများမှာ အဝါရောင်အနားသတ်ဖြင့် ပုံသဏ္ဍာန်မမှန်သော အစက်အပြောက်များ (၁ မီလီမီတာ) ဖြစ်သည်။ အချို့သောအစက်အပြောက်များသည် ၁၀ မီလီမီတာအထိ ကျယ်လာပြီး ဗဟိုတူစက်ဝိုင်းပုံသဏ္ဍာန် 'ပစ်မှတ်" နှင့်တူသဖြင့် "Target Spot" ဟု အမည် ပေးထား သည်။ ရောဂါကွက်များသည် ကြီးမားကျယ်ပြန့်လာပြီး အဝါရောင်ပြောင်းကာ အရွက်များအား သေဆုံးစေသည်။ ပင်စည်များတွင် အစက်အပြောက်များ ဖြစ်ပေါ်တတ်သည်။ ၎င်းတို့သည် ရှည် လျားပြီး သေးသွယ်သည်။ အသီးပေါ်တွင် အညိုရင့်ရောင် အစက်အပြောက်လေးများ ဖြစ် ပေါ်နိုင်သည်။





ကာကွယ်နှိမ်နင်းနည်းများ

- ရောဂါကျနေသော စိုက်ခင်းနားတွင် အသစ်စိုက်ပျိုးခင်းမပြုရ။
- ကျန်းမာသန့်စွမ်းသော၊ ရောဂါကင်းသော ပျိုးပင်များကို အသုံးပြုစိုက်ပျိုးပါ။

- ပင်ခြေရှိ အကိုင်းများအား ဖယ်ရှားပစ်ခြင်းဖြင့် လေဝင်လေထွက်ကောင်းမွန် အောင် ဆောင်ရွက်ပါ။
- အောက်ခြေအရွက်များတွင် ရောဂါကျရောက်တတ်သဖြင့် ရောဂါကျအရွက်များ အား ဖယ်ရှား ဖျက်ဆီးပစ်ပါ။
- ပေါင်းမြက်များကိုရှင်းလင်းပါ။
- အပင်ပေါ်မှ ရေပေးခြင်း (Overhead irrigation) သည် မှိုစပိုးများပေါက်ပွားခြင်း၊ ပျံ့နှံ့ခြင်းနှင့် ကူးစက်ခြင်းကိုဖြစ်စေသဖြင့် ရှောင်ရှားပါ။
- ခရမ်းချဉ်ခူးဆွတ်ရိတ်သိမ်းပြီးပါက ပင်ကြွင်းပင်ကျန်များအားလုံးဖယ်ရှားဖျက်ဆီး ပစ်ပါ။
- ရောဂါဆိုးဝါးစွာကျရောက်ပါက ခရမ်းချဉ် အားအနည်းဆုံး (၃) နှစ် မစိုက်ပျိုးဘဲ အခြား သီးနှံများနှင့် သီးလှည့်စိုက်ပျိုးပါ။
- ရောဂါကျရောက်မှုမရှိစေရန် Mancozeb (မန်ကိုဇက်)၊ Azoxystrobin (အဇိုဆီ-စထရိုဘင်), Chlorothalonil (ကလိုရိုသာလိုနေးလ်) နှင့် ကော့ပါးပါ သောဆေးများကို အသုံးပြု ပက်ဖျန်းပါ။